# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

July 9, 2020 Volume 33, Number 7


## မြန်မာကျပ်ငွေတန်ဖိုး ၅ ရာခိုင်နှုန်းခန့်မြင့်တက်လာ

COVID–19 ကပ် ရောဂါဖြစ်နေချိန် ငွေကြေးဈေးကွက်တွင် မြန်မာကျပ်ငွေတန်ဖိုး ၅ ရာခိုင်နှုန်းခန့် မြင့်တက်လာကြောင်း ပြည်တွင်းစီးပွားရေး လုပ်ငန်းရှင်အချို့က ပြောသည်။ ငွေကြေးဈေးကွက်တွင် ဇူလိုင် ၈ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ၁၃၆၂ ကျပ်ဝန်းကျင်ရှိပြီး အချိန်သုံးလကျော်အတွင်း တစ်ဒေါ်လာလျှင် ၈၈ ကျပ် တန်ဖိုး ကျဆင်းသွားသည်။ ဗဟိုဘဏ်သည် ပြည်တွင်းငွေကြေးဈေးကွက်မှ တစ်ပတ်အတွင်း ဒေါ်လာ ၁၉ သန်းခန့်ကို ဝယ်ယူခဲ့သည်။

မြန်မာနိုင်ငံကဲ့သို့ ပို့ကုန်ထက် သွင်းကုန်ပိုများနေသောနိုင်ငံတွင် ဒေါ်လာတန်ဖိုး ကျပြီး ကျပ်ငွေတန်ဖိုး မြင့်တက်လာခြင်းက အချိန်တစ်ခုကြာမြင့်မည်ဆိုလျှင် ပြည်ပသွင်းကုန်ပစ္စည်းများ ဈေးကျနိုင်ကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက ပြောသည်။ “နေထိုင်စရိတ်များတဲ့နိုင်ငံမှာ ကျပ်ငွေတန်ဖိုးတက်တာက ရေရှည်မှာဆိုရင် ကုန်ဈေးနှုန်းကျနိုင်ပါတယ်” ဟု ဒေါက်တာ မောင်မောင်လေးကပြောသည်။

COVID ကာလအတွင်းကျပ် ငွေတန်ဖိုးမြင့်တက်ပြီး ဒေါ်လာ တန်ဖိုးကျလာခြင်းနှင့် ပတ်သက်၍ ပြည်တွင်းဝယ်လိုအားကျဆင်းပြီး ဒေါ်လာအသုံးနည်းခြင်းကြောင့် ဖြစ်သည်ဟုၛင်းကပြောသည်။ လက်ရှိအချိန်တွင်နိုင်ငံသားများက စားနပ်ရိက္ခာအတွက်သာ ငွေကြေးကို အဓိကသုံးစွဲပြီးအခြား ဝန်ဆောင်မှုကဏ္ဍများတွင် ငွေကြေးသုံးစွဲမှု လျော့ချခြင်းလည်း ပါဝင်သည်ဟုဆိုသည်။ “နိုင်ငံတကာမှာ စက်သုံးဆီဈေးကျတာလည်း ဒေါ်လာအသုံးကို လျော့နည်းစေတာပေါ့” ဟု မြန်မာနိုင်ငံဆန်စပါး အသင်းချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးမျိုးသူရအေးကပြောသည်။

ယခင်ကတစ်လလျှင်ပြည်ပမှ ဒီဇယ်၊ ဓာတ်ဆီတင်သွင်းမှုအတွက် ဒေါ်လာသန်း ၄၀၀ ဝန်းကျင်သုံးစွဲခဲ့ရသော်လည်း COVID ကာလအတွင်း ရေနံဈေးနှုန်း ကျဆင်းမှုကြောင့် ဒေါ်လာသုံးစွဲရမှု များစွာလျော့နည်းသွားနိုင်ကြောင်း စက်သုံးဆီတင်သွင်းနေသည့်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကဆိုသည်။ ပြည်တွင်းဈေးကွက်တွင် ရောင်းချသည့် စက်သုံးဆီတစ်လီတာ ဈေးနှုန်းသည်ပင် အနည်းဆုံး ၃၀ ရာခိုင်နှုန်းခန့်ကျဆင်း ခဲ့သည်။ ဒေါ်လာတန်ဖိုးကျဆင်းပြီး ကျပ်ငွေတန်ဖိုးမြင့်တက်ခြင်းကို ပြည်တွင်းမှ ဆန်၊ ပဲမျိုးစုံအပါအဝင် လယ်ယာထွက်ကုန်၊ ရေထွက်ကုန်တင်ပို့သူများက မလိုလားပေ။

မြန်မာနိုင်ငံ၏ ပို့ကုန်လုပ်ငန်းများသည် ကုန်ပစ္စည်းတင်ပို့ ပြီး အနည်းဆုံးသုံးပတ်မှ တစ်လခွဲ အချိန်ကြာမြင့်ပြီးမှ ဝင်ငွေရရှိသည်။ နိုင်ငံတကာသို့ ရောင်းချရာတွင် ငွေလဲနှုန်းတန်ဖိုးတွက်ဆပြီး ရောင်းချရသဖြင့် ငွေပြန်ရချိန်တွင် ဒေါ်လာတန်ဖိုးကျဆင်းလျှင် ဆုံးရှုံးမှုများရှိနေကြောင်း ပို့ကုန်လုပ်ငန်းရှင်အချို့က ပြောသည်။ သို့သော် သွင်းကုန်လုပ်ငန်းရှင်များအတွက် ဒေါ်လာတန်ဖိုးကျဆင်းခြင်းက ယေဘုယျ အားဖြင့်

### ၉.၇.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၁၃ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၇၅၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၇၂/- ကျပ် |
| CBM Rate | = ၁၃၆၈.၆ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၄၉.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၈၂.၉၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၂၉.၄ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၇၅.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၅၅.၅၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၅.၈၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၂၃၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၅၀ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၁.၁၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၈၈၆ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

အကျိုးအမြတ် ပိုရနိုင်သည့်အခွင့်အရေးရှိနေသည်။

**Source:** https://7day.news/detail?id=191631

## အွန်လိုင်းမှ မြန်မာ-ကိုရီးယား SME နည်းပညာဖလှယ်သည့် အစီအစဉ်ကို သုံးရက်ကြာပြုလုပ်မည်

COVID-19 ကာလအတွင်း အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်း (SME)များ ဆက်လက်လည်ပတ်နိုင်ရန် နည်းပညာပံ့ပိုးမည့်အစီအစဉ်ကို ကိုရီးယားနိုင်ငံ အသေးစား၊ အလတ်စားနှင့်အစပျိုးစီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဌာန နှင့် ပူးပေါင်းဆောင်ရွက်မည်ဟု စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနက ဇူလိုင် ၇ ရက်တွင် ထုတ်ပြန်သည်။ အွန်လိုင်း စနစ်ဖြင့် မြန်မာ-ကိုရီးယားနည်းပညာဖလှယ်ခြင်း အစီအစဉ်ကို ဇူလိုင် ၂၇ ရက်မှ ၂၉ ရက်အထိ ပြုလုပ်မည်ဖြစ်ပြီး ပါဝင် ဆွေးနွေးလိုသော ပြည်တွင်း SME လုပ်ငန်းများသည် အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဌာနသို့ ဆက်သွယ်နိုင်ကြောင်း ဖိတ်ကြားထားသည်။ "အရင်နှစ်တွေတုန်းက အသေးစား၊ အလတ်စားလုပ်ငန်း အချင်းချင်း အပြင်မှာ တွေ့ဆုံချိတ်ဆက်ခဲ့တယ်။ ဒါပေမဲ့ အခု COVIDကာလမှာတော့ အွန်လိုင်းစနစ်နဲ့လုပ်တာဖြစ်တယ်။ နောက် ဒီCOVID ကာလအတွင်းမှာ ဘယ်လိုမျိုး ဈေးကွက်အကောင်အထည်ဖော်သင့်လဲဆိုတာတွေပါဝင်လာမယ်"ဟု Korea Busi-ness Development မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

နည်းပညာဖလှယ်သော အစီအစဉ်တွင် အသီးအနှံ၊ အစားအသောက်များ ထိန်းသိမ်းခြင်း၊ ထုပ်ပိုးခြင်းနှင့်သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများ၊ ဆောက်လုပ်ရေးနှင့် သတ္တုတူးဖော်ရေးဆိုင်ရာ စက်ယန္တရားထုတ်လုပ်ရောင်းချသောလုပ်ငန်းများနှင့် အိုင်တီဆိုင်ရာ စီးပွားရေးလုပ်ငန်းများ ပါဝင်ဆွေးနွေးနိုင်မည်ဖြစ်သည်။ ထို့အပြင် ဆေးပစ္စည်းကိရိယာများ ထုတ်လုပ် ဖြန့်ဖြူး ခြင်းစသောစီးပွားရေးလုပ်ငန်းများ၊ စတီးပိုက်နှင့်ဆက်စပ်ပစ္စည်း ထုတ်လုပ်ဖြန့်ဖြူးသည့် စီးပွားရေးလုပ်ငန်းများ၊ ကားနှင့် ဆက်စပ်ပစ္စည်းထုတ်လုပ်ရောင်းချသော စီးပွားရေးလုပ်ငန်း၊ သုတ်ဆေးအမျိုးမျိုးနှင့်ဆေးနှင့်ဆက်စပ်ပစ္စည်း ထုတ်လုပ်သည့် စီးပွားရေးလုပ်ငန်းများလည်းပါဝင်သည်။

SME လုပ်ငန်းများအပါအဝင် စီးပွားရေးလုပ်ငန်းများကို ဒစ်ဂျစ်တယ် နည်းပညာအသုံးချ၍ လုပ်ငန်းဆောင်ရွက်ခြင်း၊ တိုးချဲ့ခြင်းတို့ပြုလုပ်ရန် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနက တိုက်တွန်းသည်။ အလားတူ SME လုပ်ငန်းများအပြင် အငယ်စားစီးပွားရေးလုပ်ငန်းများကို ပိုမိုထောက်ပံ့နိုင်ရေးအတွက် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးဥပဒေအား ပြင်ဆင်ရန်ဆောင်ရွက်နေကြောင်း ဒုတိယဝန်ကြီးဒေါက်တာမင်းရဲပိုင်ဟိန်းက ပြောကြားထားသည်။

**Source:** https://7day.news/detail?id=191632

## တရုတ်၊ အိန္ဒိယ၊ ထိုင်းကုမ္ပဏီများအပါအဝင် ကုမ္ပဏီငါးခု မြင်းခြံသံမဏိစက်ရုံ လုပ်ကိုင်ခွင့်အတွက် ပဏာမစာရင်းအောင်မြင်

အရှုံးပေါ်၍ ရပ်ဆိုင်းထားသည့် မြင်းခြံသံမဏိစက်ရုံ လည်ပတ်လုပ်ကိုင်ခွင့်အတွက် တရုတ်၊ အိန္ဒိယ၊ ထိုင်းကုမ္ပဏီများ ပါဝင်သည့် ကုမ္ပဏီငါးခုပဏာမစာရင်းအောင်မြင်ကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနက ဇူလိုင် ၇ ရက်စွဲဖြင့် ထုတ်ပြန်သည်။ တရုတ်ကုမ္ပဏီ Sinostell Equipment Engineering၊ အိန္ဒိယ IMR Resources IndiaPrivated ကုမ္ပဏီ၊ ထိုင်းကုမ္ပဏီMillcon Steel၊ ဖက်စပ်ကုမ္ပဏီ Go Excellent နှင့် Direct Investment ကုမ္ပဏီတို့ဖြစ်ပြီး ထိုကုမ္ပဏီငါးခုသည် တင်ဒါတင်ပြရန် စက်ရုံလည်ပတ်ရေးစီမံချက်နှင့် မြန်မာဝန်ထမ်းများကို လစာအမြင့်နှုန်းပေးမည့်နှုန်းထားများ ပြင်ဆင်ထား ရမည်ဟု ဝန်ကြီးဌာနကထုတ်ပြန်သည်။

အဆိုပါ စက်ရုံသည် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆားခါးကျေးရွာအနီး မြေဧက ၆၀၀ ခန့်တွင်တည်ရှိပြီး တစ်နှစ်လျှင် တန်ချိန် ၁ ဒသမ ၈ သန်းထုတ်လုပ်နိုင်သည့် စွမ်းအားရှိသည်ဟု ဝန်ကြီးဌာနကဆိုသည်။ စိတ်ဝင်စားသည့် ကုမ္ပဏီ များသည် သံမဏိစက်ရုံလုပ်ငန်းလည်ပတ်ခြင်းနှင့် ကော်မရှင်ဆောင်ရွက်နိုင်သည့် အတွေ့အကြုံရှိရမည်ဟုဆိုသည်။ မြင်းခြံ သံမဏိစက်ရုံသည် ယခုအစိုးရလက်ထက်တွင် အရှုံးပေါ်နေ၍ ပြည်ထောင်စုလွှတ် တော်၏ ဆုံးဖြတ်ချက်ဖြင့် ရပ်ဆိုင်းခဲ့သော စီမံကိန်း ၂၄ ခုအနက် တစ်ခုဖြစ်သည်။

ထိုသံမဏိစက်ရုံ စီမံကိန်းကိုတပ်မတော်ပိုင် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC) နှင့် အီတလီကုမ္ပဏီ Danienli တို့ ၂၀၀၄ နိုဝင်ဘာတွင် စတင်ဆောင်ရွက်ခဲ့သည်။ ၂၀၁၂ နိုဝင်ဘာတွင် စက်မှုဝန်ကြီးဌာန အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းက လွှဲပြောင်းရယူခဲ့သည်။ ထိုစက်ရုံတွင် ရင်းနှီးမြှုပ်နှံထားမှု ကျပ်ဘီလီယံ ၅၅၀ ကျော်ရှိသည်ဟု ယခင်စက်မှုဝန်ကြီးဟောင်း ဦးခင်မောင်ချိုက ၂၀၁၈မတ်လတွင် လွှတ်တော်ပြောကြားသည်။

**Source:** https://7day.news/detail?id=191630

## တည်ဆဲဥပဒေနှင့် ငြိစွန်းနေ၍ Hemp ကို စိုက်ပျိုးခွင့်မပြုနိုင်သေး




အသစ်မျိုးစိတ်သစ်များကို စိုက်ပျိုးခွင့်ပြုရာတွင် မြန်မာနိုင်ငံရှိ တည်ဆဲဥပဒေနှင့် ငြိစွန်းနေပါက ခွင့်ပြုပေး၍မရသည့်အတွက် Hemp ကို စိုက်ပျိုးခွင့်မပြုနိုင်သေးကြောင်း စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းကပြောသည်။

မြန်မာနိုင်ငံတွင် Hemp ကို ဆေးခြောက်မျိုးနွယ်အပင်ဟု ဘာသာပြန်ထားကြောင်း၊ မူးယစ်စေတတ်သည့် ဓာတုကွန်ပေါင်း လည်းပါဝင်ပြီး မူးယစ်ဥပဒေ၏ ကန့်သတ်ချက်အတွင်း ပါဝင်နေသည့်အတွက် ခွင့်ပြု၍မရသေးကြောင်း ဒေါက်တာ ရဲတင့်ထွန်းက ပြောသည်။ "သူ့မှာ ပါဝင်နေတဲ့ THC လို့ခေါ်တဲ့ မူးယစ်စေတက်တဲ့ ဓာတုကွန်ပေါင်းပါဝင်မှုရှိပါတယ်။ အဲ့ဒီဓာတုကွန်ပေါင်းပါဝင်မှုအနေအထားဟာ မြန်မာနိုင်ငံမှာရှိနေတဲ့ မူးယစ်ဥပဒေရဲ့ ကန့်သတ်ထားတဲ့ အကန့်အသတ်ထဲမှာ ပါဝင်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့ စိုက်ပျိုးရေး၊မွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန အဓိကစိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ မျိုးသစ်တွေကိုတင်သွင်းမယ်ဆိုရင် ဒေသရေမြေ၊ ရာသီဥတုတွေနဲ့ ကိုက်ညီတဲ့ အခြေအနေတွေကို စမ်းသပ်ရပါတယ်။ ပတ်ဝန်းကျင်မှာ တကယ်ရောအသုံးပြုမှုရှိသလားဆိုတာ စမ်းစစ်ရပါတယ်။ အဲ့ဒီလို စမ်းစစ်ပြီးမှ မျိုးတွေကို Register နဲ့ စိုက်ပျိုးခွင့်ပေးရတာဖြစ်ပါတယ်။ သို့သော် အဲ့ဒီလိုစိုက်ပျိုးခွင့်ပေးတဲ့အခါမှာ လက်ရှိ မြန်မာနိုင်ငံမှာရှိနေတဲ့ တည်ဆဲဥပဒေတစ်ခုခုနဲ့ ငြိစွန်းနေမယ်ဆိုရင် ခွင့်ပြုပေးလို့မရတဲ့ အနေအထားမျိုးရှိပါတယ်"ဟု ၄င်းက ပြောသည်။ သို့သော် Hemp မှာ သုံးစွဲတတ်လျှင် ကောင်းကျိုးများစွာရှိကြောင်းလည်း ဒေါက်တာရဲတင့်ထွန်းကပြောသည်။

စီးပွားဖြစ်ထုတ်ကုန် အမျိုးမျိုးထုတ်လုပ်နိုင်သော ဆေးခြောက်နွယ်ဝင် Hemp ကို မြန်မာနိုင်ငံတွင် တရားဝင် စိုက်ပျိုးနိုင်ရန် ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတက်ရေးကော်မတီက ကြိုးပမ်းနေပြီး ဥပဒေမူကြမ်းရေးဆွဲနေသည်။ ဥပဒေမထွက်မီသုတေသနစိုက်ခင်းများ စမ်းသပ်စိုက်ပျိုးပါက ဥပဒေထွက်ရှိပြီးလျှင် အဆင်သင့်ဖြစ်နိုင်ကြောင်း အဆိုပါကော်မတီဥက္ကဋ္ဌဦးရန်လင်းက ပြောကြားထားသည်။ တောင်တန်းဒေသများတွင် Hempကို တစ်နှစ်လျှင် သုံးကြိမ်စိုက်ပျိုးနိုင်ပြီး မြေပြန့်နှင့် မြစ်ဝကျွန်းပေါ်ဒေသများ၊ ရေမဝပ်သည့်နေရာများတွင် သုံးကြိမ် စိုက်ပျိုးနိုင်ပြီး မြန်မာနိုင်ငံ၏ Hemp ဒေသမျိုးစိတ်များကို ကချင်၊ ရှမ်းနှင့်ချင်းပြည်နယ်တို့တွင် အများဆုံးတွေ့ရကြောင်းသိရသည်။

လက်ရှိတွင်လည်း မြန်မာ့စက်မှု လျှော်ပင်အသင်း Myanmar Industrial Hemp Association ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်တွင် အသင်းဖြစ်မြောက်ရေး ကော်မတီဝင် ၅ ဦးဖြင့်စတင်ဖွဲ့စည်းခဲ့သည်။ မြန်မာပြည်တွင် စက်မှု လျှော်စိုက်ပျိုး ထုတ်လုပ်ခြင်းလုပ်ငန်းများ ခေတ်နှင့်အညီဖွံ့ဖြိုးလာစေရန်၊ အသိပညာ၊အတတ်ပညာများကိုမျှဝေရန်နှင့် ပြည်ပရင်းနှီး မြှုပ်နှံမှုများဖိတ်ခေါ်ပြီး ပြည်တွင်းမှတောင်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ထား ကြောင်းသိရသည်။

**Source: The Farmer Journal.**

https://www.facebook.com/myanmaawba/?ref=page_internal

## ရန်ကုန်တွင် အလုပ်အကိုင် ၆၀၀၀ ခန့် ဖန်တီးပေးနိုင်မည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၈ ခုကိုလုပ်ကိုင်ခွင့်ပြု

အလုပ်အကိုင် ၆၀၀၀ ခန့် ဖန်တီးပေးနိုင်မည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၈ ခုကိုလုပ်ကိုင်ခွင့်ပြုလိုက်ကြောင်း ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီမှသိရပါတယ်။ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁၁/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးအား Video Conferencing စနစ်ဖြင့်ကျင်းပခဲ့ပြီး ယင်းအစည်းအဝေးတွင် ခွင့်ပြုလိုက်ခြင်းဖြစ်ပါတယ်။

ခွင့်ပြုလိုက်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ စက်မှုကဏ္ဍနှင့် ဟိုတယ်ကဏ္ဍတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗီယက်နမ်၊ Samoa နှင့် ဟောင်ကောင်တို့မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း(၈) ခုကို အတည်ပြုပေးခဲ့ခြင်းဖြစ်ပြီး ယင်းလုပ်ငန်းများတွင် CMP စနစ်ဖြင့်ဆောင်ရွက်မည့် အိတ်၊ အဝတ်အထည်အမျိုးမျိုး၊ အားကစားသုံးပစ္စည်းအမျိုးမျိုး၊ ဦးထုပ်၊ သိုးမွှေးထည်များ ချုပ်လုပ်ခြင်း လုပ်ငန်းများ နှင့်ဟိုတယ်လုပ်ငန်းတို့ပါဝင်တယ်လို့ ကော်မတီကထုတ်ပြန်ထားပါတယ်။ အတည်ပြုရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၏ မတည်ငွေရင်းပမာဏ စုစုပေါင်းမှာ အမေရိကန် ဒေါ်လာ ၂၃.၇၈၄ သန်းဖြစ်ပြီး အဆိုပါလုပ်ငန်းများမှ ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်း ၅၉၉၃ ဦး အတွက် ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်းသိရပါတယ်။

https://www.myanmaplatform.com/a/45700.html

## နိုင်ငံတကာလေကြောင်းလိုင်းများဆိုက်ရောက်ခွင့် ယခုနှစ် တတိယ ၃ လပတ် နောက်ပိုင်းမှဖြစ်နိုင်ဟု ဒုသမ္မတပြော

နိုင်ငံတကာလေကြောင်းလိုင်းတွေ မြန်မာနိုင်ငံကို ဆိုက်ရောက်ခွင့်ပေးဖို့အတွက် အခုနှစ် တတိယ ၃ လပတ် နောက်ပိုင်းမှပဲ မျှော်လင့်နိုင်တယ်လို့ ဒုသမ္မတ ဦးဟင်နရီဗန်ထီးယူကပြောပါတယ်။ ခရီးသွားလာရေးလုပ်ငန်းတွေ ပြန်လည် စတင်နိုင်ဖို့ ဒုတိယအဆင့်အနေနဲ့ Reopening ကိုလုပ်ရမှာဖြစ်ပြီး ပြည်တွင်းခရီးသွားလုပ်ငန်းနဲ့ စတင်ရမယ်လို့ မနေ့က နေပြည်တော်မှာလုပ်တဲ့ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ အစည်းအဝေးမှာပြောခဲ့တာပါ။

ပထမအဆင့်မှာတော့ ခရီးသွားလာရေးလုပ်ငန်းနဲ့ပတ်သက်တဲ့ လိုင်စင်ကြေးဖြေလျှော့ပေးတာ၊ ပေးဆောင်ရမယ့် အခွန်အခတွေကို အချိန်ကန့်သတ်ရွှေ့ဆိုင်းပေးတာ၊ အတိုးနှုန်းသက်သာတဲ့ ချေးငွေတွေထုတ်ပေးတာ၊ ဌာနပိုင်အဆောက် အဦငှားရမ်းခတွေ သက်သာခွင့်ပေးနိုင်ဖို့ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်းပေးတာတို့ကိုလုပ်နေတယ်လို့ဆိုပါတယ်။ ဒုတိယအဆင့်ကို အောင်အောင်မြင်မြင်စတင်နိုင်ရင် တတိယအဆင့် Relaunching ကို အခုနှစ် စတုတ္ထ ၃ လပတ်တွင် အာဆီယံနိုင်ငံတွေ၊ အာရှနိုင်ငံတွေနဲ့ စတင်ဖို့ ရည်ရွယ်ထားပြီး မြန်မာနဲ့ တိုက်ရိုက်လေကြောင်းမရှိတဲ့ လာအို၊ ကမ္ဘောဒီးယားတို့နဲ့ နယ်စပ်ဖြတ်ကျော် ခရီးသွားလာတာကို Travel Bridge ပုံစံလုပ်ဆောင်မယ်လို့ဆိုပါတယ်။ တိုက်ရိုက်လေကြောင်းရှိတဲ့ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့နဲ့တော့ TravelBubble လုပ်ဆောင်နိုင်ဖို့ ဖြစ်ပြီး အဲဒီကတဆင့် ကိုဗစ်-၁၉ ကို ထိန်းချုပ်နိုင်နေပြီဖြစ်တဲ့ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ ဟောင်ကောင်၊ မကာအိုတို့နဲ့ တိုးချဲ့လုပ်ဆောင်သွားမယ်လို့ ပြောပါတယ်။

ဒီအစည်းအဝေးကို ဗွီဒီယိုပေးပို့ပြီး အမှာစကားပြောခဲ့တဲ့ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကလည်း လက်ရှိမှာ ပြည်တွင်းခရီးသွားတွေကို ဆွဲဆောင်နိုင်တဲ့ခရီးစဉ်တွေ ဆောင်ရွက်ရမှာဖြစ်ပြီး ကိုဗစ်အလွန်မှာ ခရီးသွား လုပ်ငန်းတွေပြန်ဖွင့်ကြရင် တခြားနိုင်ငံတွေကလည်း နိုင်ငံတကာဧည့်သည်တွေကို အပြိုင်အဆိုင် ဆွဲဆောင် ကြမှာဖြစ်လို့ မတူအောင် ဘယ်လိုဆွဲဆောင်မလဲဆိုတာ စဉ်းစားထားရမယ်လို့ ပြောပါတယ်။

ဒု-သမ္မတက နောက်ဆုံးကောက်ယူထားတဲ့ စာရင်းဇယားတွေအရ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်မှာ မြန်မာနိုင်ငံကို လာရောက်ခဲ့တဲ့ ပြည်ပခရီးသွားတွေရဲ့ သုံးစွဲငွေဟာ အမေရိကန်ဒေါ်လာ ၂ ဘီလီယံကျော်ရှိပြီး၊ ဟိုတယ်နဲ့ခရီးသွားလုပ်ငန်း က တိုက်ရိုက်အလုပ်ပေးထားသူ ၁ သိန်းနီးပါး၊ စားသောက်ဆိုင်၊ အနေးယာဉ်၊ ပျံကျဈေးသည်တွေလို သွယ်ဝိုက် အလုပ်အကိုင်ရရှိသူ ၂ သိန်းနီးပါးရှိတယ်လို့လည်း ပြောပါတယ်။ ၂၀၁၈ ခုနှစ်မှာ ပြည်ပခရီးသွား ၃ ဒသမ ၅ သန်း ကျော် ဝင်ရောက်ခဲ့ရာကနေ ၂၀၁၉ ခုနှစ်မှာ ၄ ဒသမ ၄ သန်းလောက်အထိဝင်ရောက်ခဲ့ပြီး ၂၀၂၀ ဖန်နဝါရီမှာ လေကြောင်းကနေ

ပြည်ပခရီးသွား ၁၈၃,၄၁၆ ယောက် ဝင်ရောက်ခဲ့ပေမယ့် ဧပြီလမှာတော့ ၈၂ ယောက်ပဲ ဝင်ရောက်ခဲ့တယ်လို့လည်းဆိုပါတယ်။

**Source: DVB**

https://news.ydnp.net/355160/

## COVID- 19 ကြောင့် နိုင်ငံတော်ဘဏ္ဍာတိုးမြှင့်သုံးစွဲတဲ့အစီအစဉ်က နိုင်ငံရဲ့အဓိကစီးပွားရေးကဏ္ဍတွေကို ကာကွယ်ပေးသွားနိုင်မှာလား



မတ်လ ၂၃ နေ့ကပြည်တွင်းမှာ COVID- 19 ရောဂါရှိသူ အတည်ပြုလူနာ တစ်ဦးတွေ့ရှိပြီဖြစ်ကြောင်း ကြေညာလိုက်တာနဲ့တပြိုင်နက် ရန်ကုန်မြို့နေပြည်သူ အချို့ ဈေးဝယ်စင်တာတွေဆီကိုစုပြုံတိုးဝှေ့ ဝယ်ခြမ်းတာတွေဖြစ်လာစေတယ်။ အဲသည်အချိန်ကစပြီး အစိုးရဟာသွားလာလှုပ်ရှားမှုနဲ့ လူစုလူဝေး လျှော့ချရေးအတွက် အစိုးရဝန်ထမ်းတစ်ဝက်ကို သူတို့ရဲ့နေအိမ်တွေမှာသာ နေကြဖို့ထုတ်ပြန်ပါတယ်။ လူအများစုဝေးတာကို တားမြစ်ချက်ထုတ်ပြန်ပြီး သင်္ကြန်ပွဲတော်ကိုလည်း ဖျက်သိမ်းကြောင်း မတ် ၁၃ က ကြေညာပါတယ်။ နိုင်ငံတကာလေကြောင်းလိုင်းတွေကိုလည်း မတ် ၃၀ ကနေ ဧပြီ ၁၃ အထိ ပိတ်လိုက်ပါတယ်။

ပြည်တွင်းလူထုကျန်းမာရေးစောင့်ရှောက်မှုစနစ်ဟာ ဒေသန္တရစံနှုန်းတွေအရ လိုအပ်နေသေးတဲ့အပြင် နေ့စဉ်ဝင်ငွေပေါ် မှီခိုနေရတဲ့ ကာယလုပ်သားအမြောက်အများရှိနေတာကြောင့် စိုးရိမ်မှုတွေ တိုးများလာနေပါတယ်။ ထောက်ပံ့အစီအစဉ် အစိုးရအနေနဲ့ စီပွားရေးနဲ့လူမှုဆိုင်ရာအကျိုးဆက်တွေအပေါ် ထိခိုက်မှုလျှော့ချနိုင်ဖို့ရည်ရွယ်ပြီး ချေးငွေတွေထုတ်ပေးတာ၊ အခွန်ပေးရမယ့် သတ်မှတ်ရက်ရွှေ့ဆိုင်းပေးတာနဲ့ တရားဝင်ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေအတွက် အခွန်လျှော့ပေးတာ၊ အခွန်ကင်းလွတ်ပေးတာတွေအတွက် ကျပ် ၁၀၀ ဘီလျှံသုံးစွဲမယ်လို့ကြေညာပါတယ်။

လုပ်ငန်းတွေအတွက် အတိုး ၁ ရာခိုင်နှုန်းနဲ့ငွေချေးပေးပြီး ဝန်ထမ်းတွေကို လစာထုတ်ပေးနိုင်စေမှာဖြစ်တယ်။ အဲသည်ချေးငွေအတွက်နောက်ဆုံးပေးချေရမယ့်ရက်ကိုလည်း ၁ နှစ်အထိရွှေ့ဆိုင်းခွင့်ပေးလိုက်ပြီဖြစ်တယ်။ အဲဒါအပြင် ပြည်ပပို့ကုန်လုပ်ငန်းတွေကနေ ကြိုတင်ကောက်ခံတဲ့ ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကိုအခုဘဏ္ဍာနှစ်ကုန်အထိ ကင်းလွတ်ခွင့်ပေးထားကြောင်း ထုတ်ပြန်ပါတယ်။ကျပ် ၁၀၀ ဘီလျှံသုံးစွဲမယ့်အစီအစဉ်မှာ ကျပ် ၅၀ ဘီလျှံကို နိုင်ငံတော်ရဲ့အရေးပေါ်ရန်ပုံငွေကနေ ထုတ်ယူသုံးစွဲမှာဖြစ်ပြီး ကျန် ၅၀ ဘီလျှံကို လူမှုဖူလုံရေးရန်ပုံငွေကနေသုံးစွဲမှာပါ။

ဦးစားပေးကဏ္ဍ လက်ရှိမှာ ဝယ်အားကျဆင်းနေတဲ့ အထည်ချုပ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်းနဲ့ ပြည်တွင်းပိုင် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းတွေအတွက် ဦးစားပေးအသုံးပြုသွားမှာဖြစ်တယ်။ နောက်ဆုံးစစ်တမ်းတွေအရ အထည်ချုပ်ကဏ္ဍဟာ ၂၀၁၈ မှာစုစုပေါင်းအမေရိကန်ဒေါ်လာ ၄.၆ ဘီလျှံစာ ပြည်ပကိုတင်ပို့ခဲ့ပြီး အဓိကကျတဲ့ကဏ္ဍအဖြစ် ရပ်တည်နေတယ်။ တစ်နိုင်ငံလုံးမှာအထည်ချုပ်စက်ရုံပေါင်း ၆၀၀ ကျော်မှာ လုပ်သားပေါင်း ၄၅၀၀၀၀ကျော်နဲ့လည်ပတ်နေပါတယ်။

အထည်ချုပ်ရဲ့ ၈၀ ရာခိုင်နှုန်းဟာ တရုတ်ကရင်းနှီးမြှုပ်နှံတာဖြစ်လို့ COVID- 19 ကြောင့် နစ်နာဆုံးရှုံးတာတွေ ကြုံတွေ့နေရတယ်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် CTUM ရဲ့အဆိုအရ မတ်လလယ်မှာ စက်ရုံပေါင်း၂၀ ကျော်ပိတ်သိမ်းခဲ့ပြီး ကုန်ကြမ်းတွေမလုံလောက်လို့ အလုပ်ချိန်တွေ လျှော့ချရတဲ့အတွက် စက်ရုံလုပ်သားပေါင်း ၁၀၀၀၀ ကျော် နစ်နာမှုတွေကြုံတွေ့နေရတယ်။ အဲဒါကြောင့် စက်ရုံကတာဝန်ရှိသူတွေနဲ့ တရုတ်အစိုးရတို့ပူးပေါင်းမှုနဲ့ အထည်ချုပ်စက်ရုံလုပ်ငန်းတွေကနေ ကုန်ကြမ်း ၁၅ တန်ခန့်ကို မတ်လလယ်က လေယာဉ်နဲ့တင်သွင်းပေးခဲ့တယ်။ ခရီးသွားလုပ်ငန်းကဏ္ဍမှာလည်း ၂၀၁၈ က အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုးရဲ့ ၂.၈ ရာခိုင်နှုန်းရှိခဲ့ပေမဲ့ လေကြောင်းပြေးဆွဲတာကို ဧပြီလလယ်အထိရပ်တန့်လိုက်တာကြောင့် ခရီးသွားလုပ်ငန်းမှာလည်းထိခိုက်မှာတွေရှိလာတယ်လို့ ကမ္ဘာ့ခရီးသွားလာရေးကောင်စီက ထွက်ဆိုတယ်။

အခုနှစ်မှာနိုင်ငံခြားသားခရီးသည်ဝင်ရောက်မ ထက်ဝက်ခန့်ကျဆင်းမယ်လို့ ခရီးသွားလာရေးဝန်ကြီးဌာနက ခန့်မှန်းထားတယ်။ ခရီးသွားလာရေးဆိုင်ရာ ကန့်သတ်ချက်တွေရှိလာတာကြောင့် ဒေါ်လာ ၈၀၀၀၀၀ ပမာဏခန့်ရှိတဲ့ ခရီးကြိုတင်စာရင်းပေးသွင်းထားမှုတွေ ဖျက်သိမ်းခဲ့ရတယ်လို့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းက မီဒီယာတွေကိုပြောတယ်။ အကျိုးသက်ရောက် ကပ်ရောဂါရဲ့ အကျိုးဆက်အနေနဲ့ ဇန်နဝါရီ ၂၃ ကနေ ဖေဖော်ဝါရီ ၁၈ အတွင်း မြန်မာနဲ့တရုတ်ကြားကုန်သွယ်မှုဟာ အမေရိကန်ဒေါ်လာ ၂၀၉ သန်းခန့်ကျဆင်းသွားတယ်လို့ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနက ကြေညာခဲ့တယ်။.နေ့စဉ်ဒေါ်လာ ၁၀ သန်းကနေ ၁၄ သန်းကြားကူးသန်းရောင်းဝယ်ရမယ့်အစားတစ်နေ့ကို ဒေါ်လာ ၁ သန်းနဲ့ ၂ သန်းကြားကျဆင်းသွားတယ်လို့လည်းသိရတယ်။ ပြည်တွင်းနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရဲ့ ၂၆ ရာခိုင်နှုန်းဟာ တရုတ်နိုင်ငံကဖြစ်လို့ အဓိက အခြေခံအဆောက်အအုံစီမံကိန်းတွေဟာ သိသိသာသာနှောင့်နှေးသွားလိမ့်မယ်လို့မျှော်လင့်ရပါတယ်။ အကြီးစားစီမံကိန်းလေးခုဖြစ်တဲ့ မူဆယ်စီးပွားရေးဇုန်၊ တရုတ်မြန်မာစီးပွားရေးလမ်းကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နဲ့ ရန်ကုန်မြို့သစ်စီမံကိန်းစတာတွေကို တရုတ်နိုင်ငံရဲ့ Belt & Road Initiatives ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းရဲ့ အစိတ်အပိုင်းတွေ အဖြစ်ဆောင်ရွက်နေပါတယ်။

စီးပွားရေးလုပ်ဆောင်ချက်တွေ မြှင့်တင်ဖို့ရည်ရွယ်ချက်နဲ့ ဧပြီ ၁ ရက်ကစပြီး အခြေခံအတိုးနှုန်းတွေကို ၁ ရာခိုင်နှုန်းထပ်မံလျှော့ချလိုက်ပြီး တစ်နှစ်မှာ ၈.၅ ရာခိုင်နှုန်းကို ပြင်ဆင်သတ်မှတ်သွားမယ်လို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က မတ် ၂၅ မှာကြေညာတယ်။ မတ် ၁၂ ရက်ကလည်း အခြေခံအတိုးနှုန်းကို တစ်နှစ်မှာ ၁၀ ရာခိုင်နှုန်းကနေ ၉.၅ အထိ ၀.၅ ရာခိုင်နှုန်းလျှော့ချပေးခဲ့ပါတယ်။ Oxford Business Group ရဲ့သုံးသပ်ချက်တွေဖြစ်ပါတယ်။

**Source:** https://www.kumudranews.com/news-37745

## ညောင်ဦးမြို့နယ်၌ ပြောင်းဖူးစိုက်ပျိုး တောင်သူများ တစ်နှစ်ပတ်လုံး စိုက်ပျိုးခြင်းဖြင့် ဝင်ငွေရရှိ



မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် သူကောင်းတည်ကျေးရွာအုပ်စု၊ လက်ပံခြေပေါ်အုပ်စုနှင့် သစ်ထောင့်ကျွန်းကျေးရွာ အုပ်စုရှိ ဒေသခံတောင်သူများသည်ပြောင်းဖူးစိုက်ပျိုးခြင်းအား တစ်နှစ်ပတ်လုံး စိုက်ပျိုးရောင်းချခြင်းဖြင့် ဝင်ငွေကောင်းလျက်ရှိကြောင်း ပြောင်းဖူးစိုက်တောင်သူ ဦးဝင်းတင်ထံမှသိရသည်။ အဆိုပါ ကျေးရွာအုပ်စုများရှိ ကျေးလက်နေတောင်သူများသည် တစ်နှစ်ပတ်လုံး ပြောင်းဖူးများကိုသာ စိုက်ပျိုးကြကာ တစ်နှစ်လျှင် လေးကြိမ်အထိ စိုက်ပျိုးကြကြောင်း၊မြစ်ရေတင်ဖြင့်စိုက်ပျိုးကြသည့် တောင်သူများရှိသလို မြေအောက်ရေတွင်းတူးကာ ရေစုပ်စက်ဖြင့်တင်၍ ရေသွင်းစိုက်ပျိုးကြသည့် တောင်သူများလည်းရှိကြောင်း၊ သကြားပြောင်းဖူးနှင့် အစေးပြောင်းဖူး နှစ်မျိုးသာအများဆုံးစိုက်ပျိုးကြပြီး ကြက်တမော့ပြောင်းဖူးလည်း စိုက်ပျိုးကြကြောင်းသိရသည်။

ယခုနှစ်တွင် ပြောင်းဖူးဈေးကောင်းနေကြောင်း ယခင်နှစ်များတွင် ပြောင်းဖူး ၁၀ ဖူးဈေး ငွေကျပ် ၁၂၀၀ ရှိရာမှ ယခုအခါ ၁၀ ဖူးဈေး ငွေကျပ် ၂၀၀၀ ဖြင့်ရောင်းချနေရသောကြောင့် ပြောင်းဖူးစိုက်တောင်သူများ စီးပွားရေးအဆင်ပြေကာ ဝင်ငွေကောင်းလျက်ရှိကြောင်း ပြောင်းဖူးစိုက်ပျိုးသူတစ်ဦးကပြောသည်။ မိုးရာသီတွင် ပြောင်းဖူးစိုက်ပျိုးလျှင် ရက် ၉၀ ဖြင့် ပြောင်းဖူးထွက်ရှိကာ နွေရာသီတွင် ၇၅ ရက်ဖြင့် ပြောင်းဖူးပေါ်ကြောင်းသိရသည်။

**Source:** http://www.myawady.net.mm/business/item/62082-2020-07-09-16-09-55

## မိုးခေါင်၍ အညာဒေသရှိ တောင်သူအချို့၏ နှမ်းစိုက်ခင်းများဖျက်လိုက်ရပြီး မြေပဲစိုက်ခင်းများလည်း မိုးရေလိုအပ်နေ



မိုးရွာသွန်းမှုမရှိခြင်း၊ မိုးနည်းပါးခြင်းတို့ကြောင့် အညာဒေသရှိ သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး အခက်အခဲကြုံနေရာ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်ရှိ ကျေးရွာများမှတောင်သူများ စိုက်ပျိုးထားသည့် နှမ်းစိုက်ခင်းအချို့ကို ယခုရက်ပိုင်းအတွင်း ဖျက်သိမ်းခဲ့ရသည်။ မေလအတွင်း စတင်စိုက်ပျိုးခဲ့သည့် နှမ်း၊ မြေပဲ၊ ပဲစင်းငုံသီးနှံများအနက် မိုးခေါင်သည့်ဒဏ်မခံနိုင်သော နှမ်းစိုက်ခင်းများ ပျက်စီးသွား၍ ယင်းစိုက်ခင်းနေရာတွင်မြေပဲ အချိန်မီထွန်ယက်စိုက်ပျိုးနိုင်ရေး ဖျက်သိမ်းလိုက်ခြင်းဖြစ်ကြောင်း ဒေသခံ တောင်သူများကပြောသည်။ “မိုးက နယုန်လကတည်းကတိုင်မရွာတာ။ အခုလရောဆို နှစ်လလောက်ရှိပြီ။ ရွာတယ်ဆိုရင်လည်း ဖွဲဖွဲလေးကျတာတော့ရှိတယ်”ဟု ချောက်မြို့နယ် သဘွတ်ကုန်းကျေးရွာမှ ဒေါ်မြငွေးက မိုးခေါင်၍ ၎င်း၏နှမ်းစိုက်ခင်းမအောင်မြင်သည့် အခြေအနေကိုပြောသည်။

နှစ်ဧကအကျယ်ရှိ ယာခင်းတွင် နှမ်းကိုနှစ်ခါပြန်စိုက်ပျိုးရ၍ ထွန်ယက်ခ၊ အလုပ်သမားခ၊ မျိုးစေ့ခအပါအဝင် ကျပ်သုံးသိန်းခန့်ဆုံးရှုံးသည်ဟု ၎င်းကဆိုသည်။ “ထွန်ရှင်းခနဲ့တွက်လိုက်ရင် တအားကုန်တာ သိန်းဂဏန်းရှိတာပေါ့။ ထွန်ငှားတာနဲ့၊ ပေါင်းနုတ်တာနဲ့လေ။ ပေါင်းနုတ်တာကတင် ဒီအခင်း တစ်သိန်းကုန်တယ်” ဟု ဒေါ်မြငွေးကပြောသည်။ မြေပဲသီးနှံစိုက်ပျိုးရန် နှမ်းစိုက်ခင်းအား ဖျက်သိမ်းရာတွင်လည်း ထွန်စက်ငှားခ ကျပ်သုံးသောင်းကျော် ကုန်ကျမည်ဟု ၎င်း၏ခင်ပွန်းကိုလှထွန်းကပြောသည်။ “အရင်နှစ်တွေလည်း ကြုံဖူးတယ်။ အဲဒါကလည်း ကြာပါပြီ။ မနှစ်ကတော့ မျိုး(မျိုးစေ့) ပြန်ရသေးတယ်။ ဟိုးတစ်နှစ်ကတော့ မဆိုးဘူး။ အဲဒီအရင်က ဒီလိုပဲလုံးလုံးဆုံးတယ်”ဟု ကိုလှထွန်းကပြောသည်။ ချောက်မြို့နယ် ဩဇာတောကျေးရွာမှ မတင်ထွေးကလည်း တစ်ဧကကျော်ရှိသည့် ၎င်း၏ နှမ်းစိုက်ခင်းကို ဇူလိုင် ၈ ရက်တွင် ဖျက်သိမ်းခဲ့သည်။ “မိုးရွာတဲ့အချိန် မြေပဲပြန်ကြဲမှာ။ မနှစ်က မဖျက်ရဘူး။ မဖျက်ရဘူးဆိုပေမယ့် တအားမရဘူး။ ဒီနှစ်တော့ လုံးလုံးဆုံးတယ်။ မိုးကကြာပြီ မိုးခေါင်တာ အပွင့် (နှမ်းအပွင့်) ပွင့်ခါစကတိုင်လေ”ဟု မတင်ထွေးကပြောသည်။ ပေပင်ကုန်းကျေးရွာမှ မချိုမာဝင်းကလည်း ၎င်း၏နှမ်းစိုက်ခင်းဖြစ်ထွန်းမှုမရှိ၍ နှမ်းအပင်များကို နွားစာအဖြစ် ကျွေးရန်ဇူလိုင် ၈ ရက်တွင် ရိတ်သိမ်းလျက်ရှိသည်။

ရာသီဥတုဒဏ် အထိုက်အလျောက်ခံနိုင်ရည်ရှိသည့် မြေပဲ၊ပဲစင်းငုံတို့မှာလည်း မိုးရေရရှိရန်လိုအပ်နေပြီး ဆက်လက်၍ မိုးခေါင်သည့် အချိန်ကာလကြာရှည်ပါက သီးနှံစိုက်ခင်းများ ပျက်စီးဆုံးရှုံးရမည့် အခြေအနေရှိကြောင်း ဒေသခံတောင်သူများက ပြောသည်။ မြေပဲစိုက်ခင်းများ ပျက်စီးပါက ဆုံးရှုံးမှုပိုမိုများပြားမည်ဖြစ် ကြောင်း ၎င်းတို့ကဆိုသည်။ တစ်ဧက အကျယ်အဝန်းရှိ ယာမြေတွင် မြေပဲစိုက်မည်ဆိုပါက ပျမ်းမျှအားဖြင့် မြေပဲမျိုးစေ့နှစ် တင်း (တစ်တင်းလျှင် ၁၆ ပြည်) ကုန်ကျမည်ဖြစ်ပြီး နှမ်းစိုက်မည်ဆိုပါက လေးပြည်ကျော်သာ ကုန်ကျမည်ဖြစ်သည်။ လက်ရှိ မြေပဲမျိုးစေ့တစ်တင်းလျှင် ကျပ် ၆၀,၀၀၀ ရှိပြီး နှမ်းတစ်တင်းလျှင် ကျပ် ၅၀,၀၀၀ခန့်သာရှိကြောင်း စိုက်ပျိုးသည့် တောင်သူများကပြောသည်။

**Source:** https://7day.news/detail?id=191642

## တရုတ်သို့ သကြားတန်ချိန် တစ်သိန်းခွဲ တရားဝင်တင်ပို့ရောင်းချနိုင်ရေး ချိတ်ဆက်ဆောင်ရွက်နေ

မြန်မာနိုင်ငံအတွင်း ကြံစိုက်တောင်သူများနှင့် သကြားထုတ်လုပ်မှု အဆင်ပြေစေရန်အတွက် ပြည်တွင်းအသုံးပြုမှုမှ ပိုလျှံ သကြားတန်ချိန် ၁၅၀၀၀၀ ကို တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့နိုင်ရေး တရုတ်နိုင်ငံရှိ မြန်မာသံရုံးမှတစ်ဆင့် ချိတ်ဆက် ဆောင်ရွက်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှသိရသည်။ အခြေခံ ကြံစိုက်တောင်သူများ၊ သကြားထုတ်လုပ်ရောင်းချသူများ၊ ရင်းနှီးမြှုပ်နှံသူများမှာ သကြားဈေးကျဆင်းမှုကြောင့် တွေ့ကြုံရသည့် အခက်အခဲများကို ဖြေရှင်းနိုင်ရေးနှင့် သကြားဈေးကွက်တည်ငြိမ်ရေးအတွက် ယင်းကဲ့သို့ဆောင်ရွက်ခြင်းဖြစ်သည်ဟု သိရသည်။ "တရုတ်နိုင်ငံဘက်ကနေ သက်ဆိုင်တဲ့ဌာနတွေနဲ့ညှိနှိုင်းဖို့ မြန်မာသံရုံးကတစ်ဆင့် အကြောင်းကြားလာတာ။ ကိုတာစနစ်ထဲ

ရောက်အောင်သွားဖို့အချိန်စောင့်ရမှာပါ။ ချက်ချင်းတော့ မဖြစ်နိုင်ဘူးထင်ပါတယ်။ သံရုံးကနေ သံတမန်နည်းလမ်းနဲ့ ဆောင်ရွက်နေတာဖြစ်တယ်"ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးသူကပြောသည်။

သကြားကို တရားဝင်ရောင်းချရေးအတွက် တရုတ်နိုင်ငံဘက်က သက်ဆိုင်ရာဌာနများသို့ လိုအပ်သလိုညှိနှိုင်း ဆောင်ရွက်နိုင်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပေကျင်းမြို့ရှိ မြန်မာသံရုံးသို့ အကြောင်းကြားခဲ့မှု အပေါ် ပေကျင်းမြို့ရှိ မြန်မာ့သံရုံးမှ ဇူလိုင် ၂ ရက်တွင် တရုတ်နိုင်ငံကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (MOFCOM) အာရှရေးရာဌာနသို့ ဆက်လက်အကြောင်းကြားထားသည်ဟုသိရသည်။ "တရုတ်ကို သကြားတင်ပို့နေတာက မှောင်ခိုသဘောမျိုးဖြစ်နေခဲ့တာပါ။ တရားဝင် ကိုတာပုံစံမျိုးနဲ့ဆိုရင် ဒီဘက်က တင်ပို့ရောင်းချမယ့်သူတွေ အဆင်ပြေပါတယ်။ တရားဝင်ရောင်းဝယ်ခွင့် ပြုတာကြောင့် တရုတ်က ဝယ်လက်ကုန်သည်တွေလည်း သူတို့နိုင်ငံမှာဆောင်ရတဲ့ အခွန်အခနည်းပြီး ဝယ်လာကြမယ်"ဟု မြန်မာနိုင်ငံသကြားနှင့် ကြံလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းဋ္ဌေးက ပြောသည်။

၂၀၁၈ ခုနှစ်က တရုတ်သို့ သကြားတင်ပို့မှု Re-export ပါမစ်များ ခွင့်ပြုခဲ့ပြီးနောက် ထိုင်းနိုင်ငံဘက်မှ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြင့် မှောင်ခိုသကြားများ တင်သွင်းလာမှုနှင့် ပြည်တွင်းသကြားစက်များထုတ်လုပ်မှုမှာ ပြည်တွင်းသုံးစွဲမှု ဖူလုံသည့်အပြင် ပိုလျှံလာမှုတို့ကြောင့် သကြားဈေးကွက်ကိုရိုက်ခတ်ခဲ့ပြီး ၁၀ နှစ်အတွင်း ဈေးအနိမ့်ဆုံးရောက်ရှိနေကြောင်းသိရသည်။

ပြည်တွင်းသကြားထုတ်လုပ်သူများနှင့် ကြံစိုက်တောင်သူများသည် သကြားဈေးကျဆင်းမှုကြောင့် အခက်အခဲ ရင်ဆိုင်နေရသဖြင့် တရုတ်ဘက်သို့ တရားဝင်တင်ပို့ခွင့်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နှစ်အလိုက် ပြည်တွင်းကြံစိုက်ပျိုး ထုတ်လုပ်မှုမှာ ၂၀၁၅-၁၆ တွင် ၃၉၈၂၉၅ ဧက၊ ၂၀၁၆-၁၇ တွင် ၄၀၅၈၅၆ ဧက၊ ၂၀၁၇-၁၈ တွင် ၄၀၃၆၇၀ ဧက၊ ၂၀၁၈-၁၉ တွင် ၄၄၉၄၄ ဧက၊ ၂၀၁၉-၂၀ တွင် ၄၅၀၉၃၀ ဧကရှိခဲ့ပြီး ၂၀၂၀-၂၁ တွင် ၃၅၂၅၅၇ ဧက လျှာထားချက်ရှိကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/141160.html

## ပြည်သူ့ဆေးရုံများတွင် ဆေးရုံတက်ရောက်နေသည့် လူနာများ၊ လူနာစောင့်များနှင့် ကျန်းမာရေး ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများကို တန်ဖိုးသင့်ထမင်း၊ ဟင်းများနှင့် စားသောက်ကုန်ပစ္စည်းများ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေး





COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကာလအတွင်း ဆေးရုံတက်ရောက်နေသည့် လူနာများ၊ လူနာစောင့်များနှင့် ကျန်းမာရေးဝန်ထမ်းများ စားရေးသောက်ရေးတွင် အဆင်ပြေစေရန်အတွက် နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရသီရိမြို့နယ်၊ အရိုးအကြောအထူးကုဆေးရုံကြီးနှင့် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး၊ ကချင်ပြည်နယ်၊ ပူတာအိုမြို့ ပြည်သူ့ဆေးရုံ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးအထူးကု ဆေးရုံကြီး၊ လင်းခေးမြို့ ပြည်သူ့ဆေးရုံနှင့် ကယားပြည်နယ်၊ လွိုင်ကော်မြို့ ပြည်သူ့ဆေးရုံကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံကြီး၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ မြိတ်မြို့နှင့် ကော့သောင်းမြို့တို့ရှိ ပြည်သူ့ဆေးရုံများ၊ ရန်ကုန်တိုင်း

ဒေသကြီး၊ လသာမြို့နယ်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ တောင်ဥက္ကလာပမြို့နယ်ရှိ အမျိုးသမီးနှင့်ကလေးဆေးရုံ၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ မြန်အောင်မြို့နှင့် ကျုံပျော်မြို့များရှိ ပြည်သူ့ဆေးရုံများ၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့ ပြည်သူ့ဆေးရုံနှင့် ခန္တီးမြို့ ခရိုင်ပြည်သူ့ဆေးရုံ၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးအထွေထွေ ရောဂါကုဆေးရုံကြီး၊ မိုင်းမော တိုက်နယ်ဆေးရုံ၊ မိတ္ထီလာမြို့နယ် ပြည်သူ့ဆေးရုံနှင့် မကွေးတိုင်းဒေသကြီး၊ မကွေးသင်ကြားရေး ဆေးရုံ၊ မင်းဘူးခရိုင် ပြည်သူ့ဆေးရုံ၊ တောင်တွင်းကြီး မြို့နယ် ပြည်သူ့ ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နှင့် ပေါက်ခေါင်းမြို့တို့ရှိ အထွေထွေရောဂါကုဆေးရုံကြီးများ၌ တန်ဖိုးသင့်ထမင်း၊ ဟင်းနှင့်ဟင်းသီး၊ ဟင်းရွက်များ၊ အသား၊ ငါးများနှင့် ဥအမျိုးမျိုးတို့ကို သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးခဲ့သည်။

ထို့ပြင် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ကျန်းမာရေး ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ နှင့် ဒေသခံပြည်သူများ စားရေးအထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေများရှိ မြို့နယ် အသီးသီး၌ နယ်မြေခံတပ်မတော်သားများက စားသောက်ကုန်ပစ္စည်းများနှင့် တန်ဖိုးသင့် ထမင်းဟင်းများကို ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချရာတွင် နယ်မြေခံ တပ်မတော်သားများနှင့် မိသားစုဝင်များ၏ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းမှ ထွက်ရှိလာသည့် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်များ၊ ကြက်ဥ၊ ဘဲဥများ၊ နွားနို့များ၊ တပ်မတော်စက်ရုံထုတ် စားသောက်ကုန်ပစ္စည်းများ၊ တန်ဖိုးသင့် ထမင်း၊ ဟင်းများနှင့် တောင်သူများထံမှဝယ်ယူခဲ့သော ရာသီသီးနှံများကို ပြင်ပပေါက်ဈေးထက် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။

**Source:** http://www.myawady.net.mm/news/militarynews/item/62068-2020-07-09-03-32-06

## သနပ်ဖက်ပေါ်ချိန်တွင် ဈေးကောင်းရရန် စိုက်ပျိုးသူများ မျှော်လင့်



ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့နှင့် အနီးတစ်ဝိုက်ရှိ ဒေသခံပြည်သူများသည် သနပ်ဖက်ကို အဓိကစိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး သနပ်ဖက်ပေါ်ချိန်တွင် ဈေးကောင်းရရန် မျှော်လင့်လျက်ရှိကြောင်းသိရသည်။ သနပ်ဖက်ကို ဆေးပေါ့လိပ်တွင် အများဆုံးအသုံးပြုပြီး ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် အများဆုံးစိုက်ပျိုးကြသည်။ ''သနပ်ဖက်ကို စိုက်ပျိုးလာတာ ဆယ်နှစ်ရှိပြီ။ သနပ်ဖက်ကို တစ်ဧကခွဲလောက် စိုက်ထားတယ်။ သနပ်ဖက်တစ်ရွက်ရဖို့ တော်တော်ပြုစုရတယ်။ ပိုးတွေကလည်း တအားကျတော့ ပိုးသတ်ဆေးတွေဖျန်းပေးရတယ်။အညွန့်တွေ ဆက်တက်နိုင်အောင်ပေါ့။ အရွက်ခူးဖို့ နှစ်လစောင့်ရတယ်။ တချို့က နှစ်လခွဲလောက်စောင့်ရတယ်။ အရင်နှစ်က သနပ်ဖက်အထွက်ကောင်းပြန်တော့ ဈေးကကျတယ်။တစ်ပိဿာကို ၅၀၀၀ လောက်နဲ့ပဲ ရောင်းရတယ်။ သနပ်ဖက်အရွက် အကြီး၊အသေး ဈေးလည်းမတူဘူး။ အသေးဆို အဲ့ထက်ဈေးနည်းတယ်။

ဒီနှစ်မှာ သနပ်ဖက်ဈေးကောင်းပြန်ရဖို့ မျှော်လင့်နေရပါတယ်''ဟု သနပ်ဖက်စိုက်ပျိုးသူ တစ်ဦးကပြောသည်။ ကျောက်တလုံးကြီးမြို့၌ စပါး၊ ပြောင်း၊ ပဲစင်းငုံ၊ မြေပဲ၊ နနွင်း၊ ချင်း၊ ထောပတ်၊ လိမ္မော်နှင့်သနပ်ဖက်စသည်တို့ကိုစိုက်ပျိုးပြီး၊ သနပ်ဖက်စိုက်ဧက ၁၆၈၃ ဧက ရှိကြောင်း၊ သနပ်ဖက်ကို တောင်ကြီး၊ ညောင်ရွှေ၊ ဟိုပုံး၊ ကျောက်တလုံးကြီးတို့တွင် အများဆုံး စိုက်ပျိုးကြကြောင်း သိရသည်။

**Source:** http://www.myawady.net.mm/business/item/62090-2020-07-09-16-25-49

# STOCK EXCHANGE (9.7.2020)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 9th Jul. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +0 | +0.00% | 10,500 | 10,500 | 10,500 | 700 | 7,350,000 | 27,112,747 | 284,684 |
| MTSH | 00002 | 3,800 | +0 | +0.00% | 3,850 | 3,850 | 3,800 | 368 | 1,411,800 | 38,929,150 | 147,931 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 25 | 202,500 | 10,400,986 | 84,248 |
| FPB | 00004 | 23,000 | +1,000 | +4.55% | 22,000 | 23,000 | 22,000 | 3,406 | 75,969,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 500 | 1,375,000 | 12,823,224 | 35,264 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 110 | 297,000 | 19,977,223 | 53,939 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 445.52 | +1.66 | +0.37% | 443.86 | 446.00 | 443.86 | 5,109 | 86,605,300 | 6 | 662,923 |

### Index chart




## Market Overview

As of 1:00 pm, 9th Jul. 2020

| MYANPIX | 445.52 ▲ 1.66 |
|---|---|
| Total Volume (shares) | 5,109 |
| Total Value (MMK) | 87 mil |
| Listed Company | 6 |
| Market Cap. (MMK) | 662,923 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲ 0 |
| MTSH | 00002 | 3,800 | ▲ 0 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 23,000 | ▲ 1,000 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |